[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**ဇန္နဝါရီလ ၂ ရက်၊ ၂၀၂၄ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဒီဇင်ဘာလ ၁၈–၃၁ရက်နေ့ထိ၊၂၀၂၃ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဒီဇင်ဘာလ၁၇ရက်၊ ၂၀၂၃ | ဒီဇင်ဘာလ ၁၈–၃၁ ရက် ၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၈၈ | ၆ | ၄၉၄ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၃ | | ၃၇၃ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၅၁၂ | ၁၂ | ၅၂၄ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၃၉၉ | ၁၅ | ၁၄၁၄ |
| | ဒီးမော့ဆိုမြို့နယ် | ၆၂၇ | | ၆၂၇ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၇၆ | ၁ | ၃၇၇ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဒီဇင်ဘာလ ၁၇ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် ဒီဇင်ဘာလ ၁၈-၃၁ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၈၂၆၁၅** | | **၂၈၂၆၁၅** |



စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဒီဇင်ဘာလ ၁၈-၃၁ ထိ၊၂၀၂၃ ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
Nam Thabet
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ရှားတော
ဒီးမော့ဆို
ဖရူဆို
ဘောလခဲ
ရှာသစ်
ဘီပီ - ၉
# ၁
ဘီပီ - ၁၀
ဘီပီ - ၁၁
# ၂ ထိုင်းနိုင်ငံ
ဘီပီ - ၁၂
ဖါးဆောင်း
မော်ချီး
ဘီပီ - ၁၃
မယ်စဲ့
ကရင်ပြည်နယ်
ဘီပီ - ၁၆
ဘီပီ - ၁၄
ဘီပီ - ၁၅
အညွှန်း
မြို့နယ်
လေကြောင်းဗုံးကြဲတိုက်ခိုက်မှု
လက်နက်ကြီးဖြစ် ပစ်ခပ်မှု
KA + KNDF + KNPLF + LPDF နှင့် စကစ တိုက်ပွဲနေရာများ
တည်ဆောက်ရန် လျာထားသည့်ရေကာတာများ
တည်ဆောက်ပြီးရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
သိမ်းပိုက်ခြင်းခံ (သို့) ဆုတ်ခွါသွားသောတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့် စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers
Source: Esri, Maxar, Earthstar Geographics, and the GIS User Community

**ခရစ္စမတ်နေ့တွင် စစ်ကောင်စီတပ်စခန်း သုံးခုအား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ သိမ်းပိုက်၊ သို့သော်လည်း လေကြောင်းနှင့် လက်နက်ကြီးများ အဆက်မပြတ်ပစ်ခတ်နေ**

ဒီဇင်ဘာလ နောက်ဆုံးပတ်ရောက်ချိန်တွင် စစ်ကောင်စီမှ လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့အား လေကြောင်းတိုက်ခိုက်မှုများအပြင် လက်နက်ကြီးများဖြင့် မနားတမ်းပစ်ခတ်တိုက်ခိုက်ခဲ့သော်လည်း ခရစ္စမတ်နေ့တွင် ဖယ်ခုံမြို့နယ်အတွင်းရှိ ၎င်းတို့၏ တပ်စခန်း နှစ်ခုအား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက်သိမ်းပိုက် လိုက်နိုင်ခဲ့သည့်အပြင် ဖယ်ခုံမြို့အဝင် လမ်းများအား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ထိန်းချုပ်ထားနိုင်ခဲ့သည်။ ထိုရက်အတွင်း ထိုင်း-မြန်မာနယ်စပ် သံလွင်အရှေ့ဘက်ရှိ စစ်ကောင်စီတို့၏ ရှေ့တန်းတပ်စခန်းတစ်ခုအား ကရင်နီတပ်မတော်၏ မကြာခဏတိုက်ခိုက်မှုကြောင့် ထိုတပ်မှ ဆုတ်ခွါထွက်ပြေးခဲ့သည့်အတွက် ထိုတပ်စခန်းအား သိမ်းပိုက်နိုင်ခဲ့သည်။

ဒီဇင်ဘာလ ၂၀ ရက်၊ ဒီးမော့ဆိုမြို့အနောက်ဘက်ခြမ်းတစ်နေရာသို့ စစ်ကောင်စီတပ်မှ လေယာဉ်နှစ်စင်းဖြင့် လာရောက်ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ပြည်သူ (၃)ဦးထိခိုက်ပြီး ဒေသခံအချို့ တိမ်းရှောင်နေရပါသည်။ ထို့အတူ ဖယ်ခုံမြို့နယ်၊ ဗန်းမောက်ရွာနားရှိ ပြောင်းပွဲရုံတွင် ပြောင်းဖူးလာပို့သည့် ရွာသား နှစ်ဦးအား ဖယ်ခုံအခြေစိုက် စစ်ကောင်စီတပ် ခမရ ၃၃၆ ၏ လက်နက်ကြီးကြောင့် သေဆုံးခဲ့ရပါသည်။

ဒီဇင်ဘာလ ၂၂ရက်၊ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ စစ်ဘေးရှောင်အချို့ နေထိုင်သည့် ဖယ်ခုံမြို့နယ်၊ ဆောင်းဖွေးဆေးရုံအနီး တစ်ဝိုက်အား လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါသည်။ ဗုံးကြဲတိုက်ခိုက်မှုအတွင်း ပြည်သူများ ထိခိုက်မှု တစ်စုံတစ်ရာ မရှိပေ။

ဒီဇင်ဘာလ ၂၄ရက်၊ ဖယ်ခုံမြို့နယ်၊ ကုန်ဆုံရွာရှိ တာယာဆိုင်ကို စစ်ကောင်စီတပ်ဖွဲ့မှ မီးရှို့ဖျက်ဆီးခဲ့ပါသည်။

ဒီဇင်ဘာလ ၂၅ရက်၊ ခရစ္စမတ် နေ့တစ်ရက်တည်း၌ လွိုင်ကော်မြို့ပေါ်သို့ စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုများရှိသလို လေယာဉ်ဖြင့်လည်း အကြိမ်ရေ (၃၀)ကျော်ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ ၎င်းကဲ့သို့ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုတွင် ပေါင် (၅၀၀)ဗုံးသီးများဖြင့်လည်း တိုက်ခိုက်ခဲ့ပါသည်။ ထို့အပြင် ဖယ်ခုံမြို့နယ်၊ ခေါင်းမိုင်းကျေးရွာဖက်သို့ စစ်ကောင်စီတပ်မှ လေယာဉ်နှစ်စင်းဖြင့် လေးကြိမ်ခန့် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါသည်။ ထိုတရက်တည်းအတွင်း ထိုင်း-မြန်မာနယ်စပ် BP-12 အနီးရှိ စစ်ကောင်စီ၏ ဟွေခမောက်တပ်စခန်းကို KA မှ ဝင်ရောက်ရှင်းလင်းခဲ့ရာ ၎င်းတို့၏ လက်နက်ခဲယမ်းအချို့အား သိမ်းဆည်းရမိခဲ့ပါသည်။



စကစမှ လွိုင်ကော်မြို့နယ်အား လက်နက်ကြီးများဖြင့် ပစ်ခတ်



သိမ်းပိုက်ခံရသည့် စကစ တပ်စခန်း၊ ဖယ်ခုံမြို့နယ်

ထိုခရစ္စမတ်နေ့အတွင်း ဖယ်ခုံမြို့နယ်အတွင်းရှိ စစ်ကောင်စီ၏ တပ်စခန်း နှစ်ခုဖြစ်သည့် ရွှေပြည်အေးနှင့် လွယ်ပတာ စခန်းကုန်းတို့ကို တော်လှန်ရေးပူးပေါင်းတပ်တို့မှ ဒီဇင်ဘာလ ၂၃ရက်နေ့မှ ၂၅ရက်နေ့အထိ ၃ရက်အတွင်း တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး မြို့အဝင်အထွက်ကိုလည်း တော်လှန်ရေးတပ်ဖွဲ့များမှ ထိန်းချုပ်နိုင်ခဲ့ပါသည်။

ဒီဇင်ဘာလ ၂၆ ရက်၊ လွိုင်ကော်မြို့နယ်၊ လောပိတ ကျေးရွာဘက်တွင် ယာခင်းသို့ ထော်လာဂျီဖြင့် သွားနေသည့် ပြည်သူများကို စစ်ကောင်စီတပ်မှ ၈၁ မမ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် (၉)ဦး ဒဏ်ရာရရှိပြီး (၂)ဦး သေဆုံးသွားခဲ့ပါသည်။ လွိုင်ကော်မြို့ပေါ်သို့လည်း စစ်ကောင်စီတပ်မှ လေယာဥ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါသည်။

ဒီဇင်ဘာလ ၂၉ ရက်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်တွင် မီးလောင်မှုကြောင့် နေအိမ် ၁၅ လုံးခန့် ပျက်စီးခဲ့ရပါသည်။ မီးလောင်မှု၏ အကြောင်းရင်းကိုမူ မသိရှိရပေ။


**ontact persons:**
Khu Ko Reh Tel: +66 6 5329 7814

Khu Ruby Tel: +66 6 24251608
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com